# လုပ်ငန်းရှင်များ သိရှိလိုက်နာဆောင်ရွက်ရန်

# အသိပေးကြေညာခြင်း

၁။ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အသစ်၊ လိုင်စင်အသစ်လျှောက်ထားခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းတို့အတွက် လျှောက်လွှာများအား ပိုင်ရှင် (သို့မဟုတ်) ကြီးကြပ်သူ (သို့မဟုတ်) Special Power (သို့မဟုတ်) General Power လွှဲအပ်ခြင်းခံရသူ ကိုယ်စားလှယ်တစ်ဦးဦးမှ လာရောက်ဆောင်ရွက်ရမည်ဖြစ်ပြီး ယခင်ခွင့်ပြုနှင့်တူညီသည့် မှတ်ပုံတင်သက်တမ်းတိုးများအား Online ဖြင့် လျှောက်ထားဆောင်ရွက်နိုင်ပါသည်။ ကိုယ်တိုင်လာရောက်ဆောင်ရွက်လိုပါက တိုင်းရင်းဆေးဝါးမှတ်ပုံတင်၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သည့် လိုင်စင်သက်တမ်းတိုးများ လျှောက်ထားခြင်းတို့အတွက် ပိုင်ရှင် (သို့မဟုတ်) ကြီးကြပ်သူ မလာရောက်နိုင်လျှင် ကိုယ်စားလှယ်လွှဲစာဖြင့် လျှောက်ထားနိုင်ပြီး လျှောက်လွှာပါ အချက်များနှင့်ပတ်သက်၍ ပြည့်စုံစွာ ရှင်းလင်းပြောကြားနိုင်သူ ဖြစ်ရမည်။

၂။ မှတ်ပုံတင်လျှောက်ထားသော တိုင်းရင်းဆေးဝါးများ၏ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအတွက် သတ်မှတ်နှုန်းထား ပေးသွင်းခြင်းကို **၁-၄-၂၀၂၄ ရက်နေ့ မှ စတင်၍ တိုင်းရင်းဆေးပညာဦးစီးဌာနက ထုတ်ပေးသည့် ဘဏ်ငွေသွင်းချလန်ဖြင့်သာ နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်၊ ငွေစာရင်းအမှတ် (MD-010390) သို့ တိုက်ရိုက်ပေးသွင်းခြင်းကို ပြောင်းလဲဆောင်ရွက်မည်** ဖြစ်ပါသည်။

၃။ တိုင်းရင်းဆေးဝါးမှတ်ပုံတင်လျှောက်ထားခြင်း၊ လိုင်စင်လျှောက်ထားခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းစဉ်များဆောင်ရွက်ရန် သတ်မှတ်ချက်များနှင့်ပြည့်စုံပါက အဆိုပါလုပ်ငန်းစဉ်များအတွက် သတ်မှတ်ငွေများကို **တိုင်းရင်းဆေးပညာဦးစီးဌာနက ထုတ်ပေးသော ဘဏ်ငွေသွင်းချလန်တွင် တာဝန်ရှိသူက အတည်ပြုရေးသားထားသောနေ့ရက်တွင် မပျက်မကွက်** ပေးသွင်းကြရမည် ဖြစ်ပါသည်။

၄။ သတ်မှတ်ချက်များနှင့် ပြည့်စုံ၍ ငွေသွင်းပြီးကြောင်း ချလန်ကို **ငွေသွင်းချလန်ထုတ်ယူသည့်နေ့ရက်မှ ရုံးဖွင့်ရက် (၃) ရက်အတွင်း တိုင်းရင်းဆေးပညာဦးစီးဌာနသို့ ပြန်လည်ပေးပို့ရမည်ဖြစ်ပြီး ငွေသွင်းချလန် ရောက်ရှိသည့်နေ့ရက်မှသာလျှင်** တိုင်းရင်းဆေးဝါးမှတ်ပုံတင်၊ လိုင်စင်နှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် လိုင်စင်လျှောက်ထားခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် ပို့ကုန်၊ သွင်းကုန်ဆိုင်ရာထောက်ခံချက် လျှောက်ထားခြင်းအပါအဝင် အထွေထွေကိစ္စရပ်များနှင့် ပတ်သက်၍ ဘဏ်ငွေသွင်းခြင်းကိစ္စရပ်များဆောင်ရွက်ရာ၌ မိမိတို့ဦးစီးဌာနမှ ဝန်ထမ်းများအား ပါဝင်ဆောင်ရွက်ခွင့် မပြုပါ၍ ဝန်ထမ်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း မပြုကြပါရန်နှင့် ကိုယ်တိုင်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**တိုင်းရင်းဆေးပညာဦးစီးဌာန**